မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 17 , 2025 — Volume 86 , Number 13


၁၇ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၂.၄၈ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၆.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၀.၁၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၄.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၅.၉၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၉၈ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အရေးပါသည့် ဇုန်တစ်ခု ဖြစ်လာနိုင်ဟုဆို



ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အရေးပါသည့် ဇုန်တစ်ခု ဖြစ်လာနိုင်သည့်အတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အရှိန်အဟုန်မပြတ်ဆောင်ရွက်ပြီး ရင်းနှီးတည်ထောင်သူနှင့်ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရေးကို ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောသည်။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ်မြောက်အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များဝင်ရောက်ခဲ့မှု အခြေအနေ၊ မြန်မာအစိုးရအသိအမှတ်ပြုစုပေါင်းကုမ္ပဏီ Myanmar Government Des ignated Entity GDE အဖြစ်ဖွဲ့စည်းထားသည့် Kyauk Phyu SEZ Consortium Company Limited နှင့် CITIC Con sortium တို့အကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းများ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရန်လည်း ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့သည်။

ထို့ပြင် ရင်းနှီးတည်ထောင်သူနှင့်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးမှုမြန်ဆန်ရေး၊ ရင်းနှီးတည်ထောင်သူနှင့် ရင်းနှီးမြှုပ်နှံသူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရေးကိစ္စရပ်များကိုလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်တစ်ခုလုံးတွင် ဧရိယာ ၁၉၆ စတုရန်းကီလိုမီတာရှိပြီး ကနဦးစီမံကိန်းတွင်၂၇ စတုရန်းကီလိုမီတာပါဝင်ကာ ပင်မစီမံကိန်းတွင် အပိုင်း ၃ ပိုင်း ခွဲခြား

ထားကြောင်း လက်ရှိအချိန်မှ ၂၀၃၀ ပြည့်နှစ်အထိပထမပိုင်း၊၂၀၃၀ ပြည့်နှစ်မှ၂၀၄၀ ခုနှစ် အထိ ဒုတိယပိုင်း ၊ ၂၀၄၀ ပြည့်နှစ်မှ ၂၀၅၀ ပြည့်နှစ်အထိ တတိယပိုင်းဟူ၍ခွဲခြားထား ကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## ကင်းမွန်အထိအမိကောင်း၍ ပြည်ပဈေးကွက်အထိတင်ပို့ရောင်းချလျက်ရှိ



မြန်မာ့ပင်လယ်ပြင်တွင် ကင်းမွန်အထိအမိကောင်း၍ ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပဈေးကွက်အထိပါ တင်ပို့ရောင်းချလျက်ရှိကြောင်း ရန်ကုန်မြို့ရွှေပိတောက်ငါးဈေးက သိရသည်။

"ဒီရာသီမှာ ကင်းမွန်အထိအမိကောင်းတယ်။ သုံးလက်မအထက် အရွယ်အစားတွေကို ဟိုတယ်နဲ့ပြည်ပကိုပို့ပြီး နှစ်လက်မအောက်အရွယ်တွေကို ပြည်တွင်းဈေးကွက်သို့ပို့ရပါတယ်။ ပင်လယ်ပြင်ကနေ ကင်းမွန်အများကြီးရပြီး ဈေးကွက်အဝင်များတဲ့အတွက် ပြည်ပကိုကောင်းကောင်းပို့နိုင်သလို ပြည်တွင်းစားသုံးမှုအတွက်လည်း အဆင်ပြေပါတယ်။ဆောင်းရာသီပင်လယ်ပြင်နှင်းကျချိန်မှာကင်းမွန်အမိများတဲ့အတွက်ဒီလကုန်ပိုင်းဆိုရင်ပိုပြီးအဝင်များနိုင်ပါတယ် " ဟု ရွှေပိတောက်ငါးဈေးမှရေထွက်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတို့တွင်ကင်းမွန်အများဆုံးဖမ်းမိရရှိလေ့ရှိပြီးအရွယ်အစားသုံးလက်မအောက်ကင်းမွန်များကို ပြည်တွင်းစားသုံးမှုအတွက်ရောင်းချလျက်ရှိရာအရွယ်အစားသုံးလက်မအထက်ကင်းမွန်များကိုပြည်ပဈေးကွက်သို့တင်ပို့လျက်ရှိသည်။

မြိတ်ကျွန်းစုပင်လယ်ပြင်မှ ဆလုံတိုင်းရင်းသားများက ကင်းမွန်များကို မြိတ်မြို့မှတစ်ဆင့်ရန်ကုန်မြို့သို့တင်ပို့ပြီး ကွန်တိန်နာသင်္ဘောဖြင့် ပြည်ပသို့အဆက်မပြတ်တင်ပို့လျက်ရှိသည့်အတွက် မြန်မာ့ကင်းမွန်များပြည်ပဈေးကွက်ထိပွင့်လန်းလျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးက သိရသည်။

**Source :ကြေးမုံသတင်းစာ**

## ပြည်တွင်းပြောင်းဈေးကွက် လက်ရှိပေါက်ဈေးများအတိုင်း ဆက်လက်တည်ငြိမ်နေမည်



ပြည်တွင်းပြောင်းဈေးကွက်မှာ လက်ရှိပြောင်းဈေးနှုန်းများအတိုင်း ဆက်လက်တည်ငြိမ်နေမည်ဖြစ်ကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

ပြည်တွင်းပြောင်းဈေးကွက်မှာရန်ကုန်အရောက်ဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ၊ မန္တလေးဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀ အသီးသီးပေါက်ဈေးရှိနေပြီး လက်ရှိဈေးနှုန်းအတိုင်း ဆက်လက်တည်ငြိမ်နေနိုင်ကြောင်း ပြောင်းပို့ကုန်လုပ်ငန်းရှင်များက သုံးသပ် ထားသည်။

လက်ရှိပြောင်းတင်ပို့မှုများကို ပြည်ပနိုင်ငံများသို့တင်ပို့နေပြီးထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်ကာ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြန်လည်တင်ပို့သွားတော့မည်ဖြစ်သည်။

ယခင်နှစ်များကထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ချိန်တွင်ပြည်တွင်းပြောင်းဈေးကွက်တွင် ဈေးကောင်းရရှိလေ့ရှိသော်လည်း ယခုနှစ်ထိုင်းနိုင်ငံ၏ ပြောင်းဈေးကွက်မှာ တစ်ကီလိုဂရမ်လျှင်ထိုင်းနိုင်ငံအရောက်ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ကျော်သာ ပေါက်ဈေးရှိနေသည်။

မြန်မာနိုင်ငံမှပြောင်းများကို ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ပြန်လည်တင်ပို့တော့မည်ဖြစ်သော်လည်း လက်ရှိပြည်တွင်း ဒေါ်လာဈေးတည်ငြိမ်နေခြင်းကလည်း ပို့ကုန်ပြောင်းဈေးကိုတည်ငြိမ်စေနေခြင်းဖြစ်သလို ပြောင်းဝယ်လိုအားများသည့် တရုတ်ကုန်သည်များမှာလည်း တရုတ်နှစ်သစ်ကူးမတိုင်မီ ၁၅ ရက်၊နှစ်သစ်ကူးနောက်ပိုင်း ၁၅ ရက်ခန့် အရောင်းအဝယ်ရပ်နားလေ့ရှိသောကြောင့် ပြည်တွင်းပြောင်းဈေးကွက်မှာ လက်ရှိနှုန်းများအတိုင်း ဖေဖော်ဝါရီ ၁၅ ရက်လောက်ထိ ဈေးတည်ငြိမ်နေနိုင်ကြောင်း ပို့ကုန်ပြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ပြည်တွင်းပြောင်းဈေးကွက်က လက်ရှိဈေးနှုန်းအတိုင်းတည်ငြိမ်နေမှာပါ။ မကြာမီထိုင်းနိုင်ငံကိုတင်ပို့နိုင်တော့မယ်ဆိုပေမဲ့ ပြောင်းအဝယ်များတဲ့ တရုတ်ဈေးကွက်ကတရုတ်နှစ်သစ်ကူးပွဲတော်များနောက်ပိုင်းမှသာ အရောင်းအဝယ်ကောင်းလာနိုင်မှာပါ " ၎င်းကပြောသည်။

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့်ပြောင်းတင်ပို့မှုကို ဖေဖော်ဝါရီ ၁ ရက်ကစတင်ကာ ရန်ကုန်သီလဝါဆိပ်ကမ်းမှထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်းသို့ ပင်လယ်ရေကြောင်းမှ ပြန်လည်တင်ပို့သွားမည်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး ပြောင်းစိုက်ဧက ၂ သန်းကျော်ရှိပြီး ပြောင်းထုတ်လုပ်မှုအနေဖြင့် တန်ချိန် ၃ ဒသမ ၂ သန်းကျော်ထွက်ရှိကာ ပြည်ပသို့တန်ချိန် ၂ သန်းကျော်တင်ပို့လေ့ရှိပြီး ပြည်တွင်းမှာတန်ချိန် ၁ သန်းခန့်သုံးစွဲကြောင်း သိရသည်။

**Source :မကွေးဂျာနယ်**

## အထက်မင်းလှမြို့နယ်၌ ကီလိုမာလကာသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်ရှိ ကျေးရွာများ၌ သီးနှံမျိုးစုံ စိုက်ပျိုး လျက် ရှိပြီး မြေအမျိုးအစားမရွေး ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးရန်လွယ်ကူသော နှစ်ရှည်ပင်သီးနှံတစ်မျိုးဖြစ်သည့် ကီလိုမာလကာ သီးနှံကို ပန်းတော်ပြင်ကျေးရွာတွင် ဥယျာဉ်ခြံမြေများနှင့် ယာမြေများ၌ စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

မျိုးအနေဖြင့် ကီလိုမာလကာ ကိုင်းကူးပျိုးပင်များကို အစိုဓာတ်ကောင်းမွန်စွာရရှိသည့်ဇွန်လနှင့်ဇူလိုင်လများတွင်အများဆုံးစိုက်ပျိုးကြပြီး မြေအောက်ရေကို အသုံးပြု၍လည်း တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့်ပင်ခြား ၁၁ ပေ တန်းခြား ၁၂ ပေ အကွာအဝေးဖြင့် တစ်ဧကလျှင် ကီလိုမာလကာပင် ၃၀၀ ပင်ခန့် စိုက်ပျိုးရပြီး၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၆၀ သိန်းခန့် ကုန်ကျကြောင်း၊ ကိုင်းကူးကီလိုမာလကာပင်မှာ စိုက်ပျိုးပြီး ၆ လခန့်အကြာတွင် အသီးများကို စတင်ခူးဆွတ်ရောင်းချနိုင်ပြီး ကီလိုမာလကာသီးမှာ တစ်နှစ်ပတ်လုံးခူးဆွတ်ရရှိ၍ တစ်နှစ်လျှင် ၄ ကြိမ် ခူးဆွတ်ရကြောင်း၊ မြေအနေအထားနှင့်အပင်ဖြစ်ထွန်းအောင်မြင်မှု၊အပင်သက်တမ်းတို့အပေါ်မူတည်၍တစ်ကြိမ်လျှင် ကီလိုမာလကာပင်တစ်ပင်အတွက်ပျမ်းမျှအလုံးရေ ၃၀ - ၄၀ ထွက်ရှိရာ တစ်နှစ်လျှင် တစ်ဧကပျမ်းမျှအလုံးရေ ၃၆,၀၀၀ လုံးခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် သရက်မင်းလှ ကားလမ်းဘေးရှိ သစ်သီးဆိုင်များနှင့် မင်းလှမြို့၊ ဇေယျာသီရိဈေးသို့ရောင်းချရကြောင်း ကီလိုမာလကာစိုက် တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA** မကွေး

https://commerce.gov.mm/

## ရေဝတီတိုင်းထွက် ကွမ်းရွက်ဈေး ကျဆင်းနေ




ရေဝတီတိုင်းက ထွက်ရှိတဲ့ ညောင်တုန်း ၊ ပန်းတနော် ၊ကျောင်းကုန်း ၊ မအူပင် ကွမ်းရွက်ဈေးတွေ ကျဆင်းလာနေတာကြောင့် ကွမ်းရွက်စိုက်ပျိုးတဲ့တောင်သူတွေမှာ အရှုံးနဲ့ကြုံတွေ့နေရတယ်လို့ သိရပါတယ်။

ကွမ်းရွက်အဝယ်ဒိုင်တွေက ဝယ်လိုအားနည်းတာကြောင့် ကွမ်းဈေးလည်း ကျဆင်းလာတာဖြစ်ကြောင်း၊ ကွမ်းရွက်အရည်အသွေးညံ့တဲ့ အကြမ်းတွေဆိုရင် တစ်ပိဿာကို ၃၀၀၀ ကျပ်လောက်သာ ဈေးရှိတယ်လို့ သိရပါတယ်။

“ကွမ်းဈေးကကျပြီး အဝယ်ကမရှိဘူး။ အဝယ်နည်းတယ်။ ကွမ်းဈေးခုလိုသာ ဆက်ကျနေရင် တောင်သူတွေအတွက် ပိုဆိုးဖို့ပဲရှိတယ်။ ကွမ်းရွက်ကောင်းမှ တစ်သောင်းကျော်ပဲဈေးရှိတယ် ”လို့ ရေဝတီတိုင်းဒေသကြီးမှ ကွမ်းစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

ကွမ်းရွက်ဈေးကျဆင်းနေပေမဲ့ ကွမ်းရွက်ခူးဖို့အတွက် အလုပ်သမားငှားရမ်းခနဲ့ကွမ်းရွက်စီခ၊ သွင်းအားစုဆေးကုန်ကျစရိတ်စတဲ့အထွေထွေကုန်ကျစရိတ်တွေကမြင့်တက်နေတာကြောင့်ကွမ်းစိုက်တောင်သူတွေဒုက္ခရောက်နေရတာဖြစ်တယ်လို့သိရပါတယ်။

ဒါကြောင့် ကွမ်းခြံပိုင်ရှင်အချို့ကတော့ ကွမ်းရွက်တွေကိုမခူးသေးဘဲ ဈေးကွက်ကိုစောင့်ကြည့်နေကြပြီး မဖြစ်မနေခူးဖို့လိုအပ်တဲ့ ကွမ်းခြံတွေကတော့အလုပ်သမားမငှားဘဲ မိမိဘာသာခူးပြီးကွမ်းဆိုင်တွေကိုလိုက်လံရောင်းချနေရတယ်လို့ သိရပါတယ်။

“ ကွမ်းခူးတဲ့ရက်ဆို ဆိုင်တွေကိုလိုက်စပ်ပို့ရတယ်။ ပိုတာကို အိမ်စားသမားတွေကို လိုက်စပ်ရောင်းရတယ်။ အခြေအနေက အတော်ဆိုးနေပြီ။ ခုကျဒိုင်တွေက ဈေးတအားနှိမ်တယ်။ ရှားတဲ့အချိန်ဆိုရင် ခြံထဲထိတောင်လာတယ် ” လို့ ညောင်တုန်းကွမ်းစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိ ညောင်တုန်း၊ ပန်းတနော် ၊ ကျောင်းကုန်း ၊ မအူပင်ကထွက်ရှိတဲ့ ထိုင်ဝမ်ရိုးနီကွမ်းဈေးက သီရိမင်္ဂလာဈေးကွက်မှာ ယာရှယ်(ထိပ်စ)တစ်ပိဿာကို ၁၇,၀၀၀ မှ ၁၈၀၀၀ ကျပ်၊ ယာအကောင်းက ၁၃,၀၀၀ မှ ၁၄,၀၀၀ ကျပ်၊ အလိန်ချောက ၆၀၀၀ မှ ၈၀၀၀ ကျပ်နဲ့ ကွမ်းရွက်အကြမ်းက ၃၀၀၀ မှ ၄၀၀၀ ကျပ်သာရှိတယ်လို့ သိရပါတယ်။

ညောင်တုန်း ၊ ပန်းတနော် (ရိုးညို -ရိုးစိမ်း )ကွမ်းရွက်ဈေးနှုန်းကလည်း ကွမ်းရွက်အရည်အသွေးပေါ်လိုက်ပြီး တစ်ပိဿာကို အနိမ့်ဆုံး ၃၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၇,၀၀၀ ကျပ်သာ ဈေးတန်းရှိတယ်လို့သိရပါတယ်။

ကွမ်းခြံတစ်ခြံစိုက်ပျိုးမယ်ဆိုရင် တစ်ဧကကို ငွေကျပ် ၁၅ သိန်းထက်မနည်းကုန်ကျမှုရှိတာကြောင့် ကွမ်းဈေးကျဆင်းပါက တောင်သူတွေကိုကြီးမားတဲ့ထိခိုက်မှုရှိစေတယ်လို့ သိရပါတယ်။

ပန်းတနော်၊ ညောင်တုန်း ကွမ်းရွက်က ရန်ကုန်ဈေးကွက်ကိုအဓိကတင်ပို့ရောင်းချရပြီး အခြားဒေသတွေကိုလည်း တင်ပို့ရကြောင်း၊ လက်ရှိမှာတော့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေနဲ့အတူ ဒိုင်တွေကအဝယ်ရပ်လို့ဈေးကျနေပါတယ်။

ဧရာဝတီတိုင်းဒေသကြီးမှာ ကွမ်းစိုက်ပျိုးမှုကို ကျိုက်လတ်၊ ဖျာပုံ၊ ပန်းတနော်၊ ဟင်္သာတ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဓနုဖြူ၊ ဝါးခယ်မ၊ သာပေါင်းမြို့တွေမှာ အများဆုံးစိုက်ပျိုးတာဖြစ်တယ်လို့သိရပါတယ်။

**Source : AMIA**

**Myanma Awba Group**

## ဈေးကွက်ဝင်ထောပတ်သီးများထွက်ပေါ်လျက်ရှိ



ထောပတ်သီးသည် လူကြိုက်များသောသီးနှံဖြစ်ပြီး စားသောက်ကုန်များထုတ်လုပ်ရာတွင်လည်းကောင်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်းကောင်း အသုံးဝင်သည့် သီးနှံဖြစ်သောကြောင့် ဝယ်လိုအားများပြားသည်။

ကမ္ဘာ့နိုင်ငံများတွင် ထောပတ်သီးအမျိုးအစားများစွာ စိုက်ပျိုးကြပြီး ယင်းတို့အနက်မက်ဆီကန်မျိုး၊ဂွာတီမာလာမျိုး၊အနောက်အိန္ဒိယမျိုး၊ဘေကွန်မျိုး၊ဖျူတီမျိုးနှင့်မြန်မာနိုင်ငံတွင်လူကြိုက်များလျက်ရှိသော Hass မျိုးများသည်စိုက်ပျိုးမှုများသော ထောပတ်မျိုးများဖြစ်သည်။

မြန်မာနိုင်ငံတွင် ထောပတ်သီးကိုမေလနှင့်ဇွန်လများတွင်စတင်စိုက်ပျိုးကြပြီးနိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် အသီးထွက်ရှိသည်။

ပင်လယ်ရေမျက်နှာပြင်အနိမ့်အမြင့်ပေါ်မူတည်၍ အသီးထွက်ရှိချိန်စောခြင်း၊နောက်ကျခြင်းများ ကွာခြားနိုင်ပါသည်။

ထောပတ်တစ်ပင်၏သက်တမ်းမှာ ၆၀ အထိရှင်သန်နိုင်ပြီး သေချာစွာဂရုပြုစိုက်ပျိုးပေးလျှင် နှစ်စဉ်အလုံး ၃၀၀၀ မှ ၄၀၀၀ ခန့်အထိသီးနိုင်ပါသည်။

မြန်မာနိုင်ငံအတွင်းထောပတ်သီးအများဆုံးထွက်ရှိရာဒေသများမှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ချင်းပြည်နယ်ဖလမ်းမြို့နှင့်ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့ဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံ၊ လွိုင်လင်မြို့များတွင်လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လားရှိုး၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါနှင့် နောင်ချိုမြို့များမှထွက်ရှိလျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်မှထွက်ရှိသောထောပတ်သီးများသည် အရသာစေးပိုင်ကောင်းမွန်သောကြောင့် ပြည်နယ်တွင်းသာမက မြန်မာနိုင်ငံဒေသအသီးသီးသို့ တင်ပို့ရာဈေးကောင်းရရှိလျက်ရှိသည်။

ရောင်းတန်းဝင်ဒေသထောပတ်သီးတစ်လုံးလျှင် လက်ကားဈေးတစ်လုံးလျှင် ၅၀၀ - ၁၀၀၀ ကျပ်အတွင်းလည်းကောင်း၊ လက်လီဈေး ၁၀၀၀ - ၂၀၀၀ကျပ်အတွင်းလည်းကောင်း အရွယ်အစားနှင့်အသီးအမျိုးအစားပေါ်မူတည်၍ ဈေးကွက်ပေါက်ဈေးအမျိုးမျိုးရှိကြောင်း သိရသည်။

**Source : DOCA** (ရှမ်း)

https://www.doca.gov.mm/

## အမေရိကန်ကုန်ထုတ်လုပ်သူများကရောင်းချသည့် ကုန်ပစ္စည်းများ၏ဈေးနှုန်းသည် သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်

အမေရိကန်ကုန်ထုတ်လုပ်ငန်းရှင်များက ၎င်းတို့၏ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရောင်းချသည့်ဈေးနှုန်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းWall Street Journal အွန်လိုင်းသတင်းတွင်ဇန်နဝါရီလ ၁၄ ရက်၌ ဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလဈေးနှုန်းသည် သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း နိုဝင်ဘာလတွင် သုည ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့သဖြင့်ကျဆင်းခဲ့ကြောင်းနှင့်ထုတ်လုပ်သူဈေးဆနှုန်းကိန်းProducer Price Index, PPI သည် ၂၀၂၃ ခုနှစ်တွင် ၁ ဒသမ

၁ ရာခိုင်နှုန်းမှ ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၃ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့သည်ဟု အမေရိကန်အလုပ်သမားဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်။

PPI သည်ငွေကြေးဖောင်းပွမှုနှုန်းကိုတိုင်းတာသည့် အညွှန်းကိန်းတစ်ခုမဟုတ်သော်လည်း ယင်းအညွှန်းကိန်းဖြင့် စားသုံးသူဈေးဆနှုန်း Consumer price index, CPI ကို စီးပွားရေးပညာရှင်များက တိုင်းတာလေ့ရှိကြသည်။

၂၀၂၄ ခုနှစ်နိုဝင်ဘာလအထိ ယခင် ၁၂လအတွင်း တစ်ဦးချင်းစားသုံးမှုကုန်ကျစရိတ်အညွှန်းကိန်း Personal consumption expenditures price index, PCE Index သည် ၂ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာယင်းပမာဏသည် အမေရိကန်ဗဟိုဘဏ်၏ငွေကြေးဖောင်းပွမှုနှုန်းအမြင့်ဆုံးသတ်မှတ်ချက်ဖြစ်သည့် ၂ ရာခိုင်နှုန်းကို ကျော်လွန်လျက်ရှိသည်။

Source : https://myantrade.gov.mm/

## ဗီယက်နမ်ငရုတ်ကောင်းတင်ပို့မှုပမာဏတွင်လျော့ကျခဲ့သော်လည်းတန်ဖိုးတွင်မြင့်တက်



တင်ပို့သည့်ပမာဏတွင် ၅ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျခဲ့သော်လည်း တန်ဖိုးတွင် ၄၅ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည့်အတွက် ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် ငရုတ်ကောင်းတင်ပို့မှုမှ တစ်ဆင့်ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံနီးပါးရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ငရုတ်ကောင်းနှင့်ဟင်းခတ်အမွှေးအကြိုင်အသင်း VPSA ၏အဆိုအရ သိရသည်။

ဒီဇင်ဘာလတွင်ငရုတ်ကောင်းအမည်းတန်ချိန် ၁၂,၇၇၁ နှင့် ငရုတ်ကောင်းအဖြူတန်ချိန် ၂၄၉၄ တန်ပါဝင်သောငရုတ်ကောင်းစုစုပေါင်းတန်ချိန် ၁၅,၂၆၅ တန်တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန် ဒေါ်လာ ၁၀၀ ဒသမ ၆ သန်းရရှိခဲ့ကြောင်းသိရသည်။

နိုဝင်ဘာလနှင့်နှိုင်းယှဉ်ပါက တင်ပို့သည့်ပမာဏတွင် ၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဝင်ငွေတွင် ၅ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာလတွင် ပျမ်းမျှတင်ပို့သည့်ဈေးနှုန်းများမှာ ငရုတ်ကောင်းအမည်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၇၆ နှင့် ငရုတ်ကောင်းအဖြူ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၁၉၈ ရှိကြောင်းသိရသည်။

၂၀၂၄ ခုနှစ်တွင်ဗီယက်နမ်နိုင်ငံသည်ငရုတ်ကောင်းအမည်းတန်ချိန် ၂၂၀,၂၆၉နှင့်ငရုတ်ကောင်းအဖြူတန်ချိန် ၃၀,၃၃၁ ပါဝင်သော ငရုတ်ကောင်းတန်ချိန် ၂၅၀,၆၀၀ တန်တင်ပို့ခဲ့ပြီးဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

တင်ပို့သည့်ပမာဏတွင် လျော့ကျခဲ့သော်လည်းတင်ပို့သည့်ဈေးနှုန်းမြင့်တက်ခဲ့သောကြောင့်ဝင်ငွေရရှိမှုတွင် မြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ငရုတ်ကောင်းအနက် ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၁၅၄ ၄၉ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်နှင့် ငရုတ်ကောင်းအဖြူပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၈၈၄ ၃၈ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်တို့ဖြစ်သည်။

ထိုသို့ ဈေးနှုန်းမြင့်တက်ရခြင်းသည် လတ်တလောနှစ်များအတွင်း အရည်အသွေးနှင့်ငရုတ်ကောင်းအမှတ်တံဆိပ်ပုံရိပ်မြင့်တက်ရန် နိုင်ငံ၏အားထုတ်မှုကြောင့်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် တန်ချိန် ၇၂,၃၃၁ တန်ဖြင့် ဗီယက်နမ်ငရုတ်ကောင်းအဓိကတင်သွင်းသူဖြစ်ပြီး ဗီယက်နမ်၏စုစုပေါင်းတင်ပို့သည့်ပမာဏ၏ ၂၈ ဒသမ ၉ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

အခြားအဓိကဈေးကွက်များတွင် ယူအေအီး၊ ဂျာမနီနှင့် နယ်သာလန်တို့ ပါဝင်ပြီး အိန္ဒိယနှင့်တရုတ်သို့တင်ပို့မှုမှာမူ သိသာစွာကျဆင်းခဲ့ကြောင်းသိရသည်။

တစ်ချိန်တည်းမှာပင် ဗီယက်နမ်သည် အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၂ သန်းတန်ဖိုးရှိသော ဧရာတ်ကောင်းတန်ချိန် ၃၆, ၇၂၇ တန်ကို ပြုပြင်ထုတ်လုပ်တင်ပို့ရန်အတွက် တင်သွင်းခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည်တန်ချိန် ၁၇,၁၉၄ တန်ဖြင့် ဗီယက်နမ်အားအဓိကရောင်းချသူဖြစ်ကြောင်းသိရသည်။

Source : Vietnam Plus

DOCA **ရန်ကုန်**

https://www.doca.gov.mm/

## ၂၀၂၈ ခုနှစ်အထိ ကမ္ဘာလုံးဆိုင်ရာငွေကြေးဖောင်းပွမှုဆက်လက်ဖြစ်ပွားမည်ဟု စီးပွားရေးပညာရှင်များပြော



ကမ္ဘာလုံးဆိုင်ရာငွေကြေးဖောင်းပွမှုသည် လာမည့် ၂၀၂၈ ခုနှစ်အထိ ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များ ကဇန်နဝါရီလ ၁၄ ရက်တွင်ထုတ်ပြန်သည့် လေ့လာမှုစစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာငွေကြေးဖောင်းပွမှုသည် ယခု ၂၀၂၅ ခုနှစ်တွင် ပျမ်းမျှအားဖြင့် ၃ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၆ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းလာနိုင်ကြောင်း ဂျာမနီစီးပွားရေးသုတေသန အင်စတီကျူနှင့် ဆွစ်ဇာလန်စီးပွားရေးအင်စတီကျူတို့မှစီးပွားရေးပညာရှင်များကဦးဆောင်ထုတ်ပြန်သည့် လေ့လာမှုစာတမ်းတွင် ဖော်ပြထားခြင်းဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာငွေကြေးဖောင်းပွမှုနှုန်းသည် အနောက်ဥရောပတွင် ၂ ဒသမ ၁ ရာခိုင်နှုန်း၊ မြောက်အမေရိကတွင် ၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် အရှေ့တောင်အာရှဒေသတွင် ၂ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရှိကြောင်း ၎င်းတို့ကဆက်လက်ပြောကြားသည်။

လက်ရှိ ၂၀၂၅ ခုနှစ်တွင် တောင်အာရှဒေသ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၇ ဒသမ ၄ ရာခိုင်နှုန်း၊တောင်အမေရိကဒေသတွင် ၃၃ ဒသမ ၆ ရာခိုင်နှုန်း၊ မြောက်အာဖရိကဒေသတွင် ၃၇ ဒသမ ၂ ရာခိုင်နှုန်းအထိရှိလာနိုင်သည်ဟု စီးပွားရေးပညာရှင် များက ခန့်မှန်းထားသည်။

အဆိုပါလေ့လာမှုစာတမ်းတွင်နိုင်ငံပေါင်း ၁၂၅ နိုင်ငံမှကျွမ်းကျင်သူ ၁၃၉၈ ဦးက ပူးပေါင်းပါဝင်၍ လေ့လာထားခြင်းဖြစ်သည်။

Source: **https://myawady.net.mm/**

## တိရစ္ဆာန်အစာအတွက် ဂျုံတင်သွင်းရန် အင်ဒိုနီးရှားအစိုးရစီစဉ်




အင်ဒိုနီးရှားအစိုးရသည် တိရစ္ဆာန်အစာထုတ်လုပ်ရန်အတွက် ဂျုံတင်သွင်းရန်စီစဉ်နေကြောင်း ညှိနှိုင်းရေးဝန်ကြီးဖြစ် သူ Zulkifli Hassan က ဇန်နဝါရီလ ၆ ရက်နေ့က ပြောကြားခဲ့သည်။

ဝန်ကြီးက ယခုနှစ်တွင် နိုင်ငံ၏ပြောင်းထုတ်လုပ်မှုသည် မြင့်မားရန်မျှော်လင့်ရကြောင်း၊ ထို့ကြောင့် အစိုးရသည် တိရစ္ဆာန်အစာထုတ်လုပ်ရန်အတွက် ပါဝင်သော ပြောင်း မတင်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

သို့သော် ဝန်ကြီးဌာနများနှင့်အေဂျင်စီများအကြားအစည်းအဝေးတွင် အစိုးရသည်အကယ်၍ တိရစ္ဆာန်အစာလိုအပ်ချက်ကို ပြည်တွင်း၌လုံလောက်အောင်မဖြည့်ဆည်းနိုင်ပါက ပြောင်းအစားဂျုံတင်သွင်းရန် စီစဉ်ထားကြောင်း သိရသည်။

Hasan က ဂျုံသည်ပြောင်းထက်စျေးပေါသောကြောင့် တိရစ္ဆာန်အစာအတွက် ပြောင်းအစားဂျုံတင်သွင်းမည်ဖြစ်ကြောင်း၊ သို့သော် ထိုဆုံးဖြတ်ချက်ကို ထပ်မံညှိနှိုင်းဆွေးနွေးရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဂျုံရောင်းလိုအားအလွန်များပြားပါကတိရစ္ဆာန်အစာထုတ်စက်ရုံများသည်ပြောင်းကိုအသုံးမပြုတော့ဘဲဂျုံကိုသာသုံးပါကပြောင်းစျေးများကျဆင်းကာ လယ်သမားများ အခက်တွေ့နိုင်သောကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ပြောင်းထုတ်နိုင်စွမ်းသည် တန်ချိန် ၁၆ ဒသမ ၆၈ သန်း ရောက်ရှိရန်ခန့်မှန်းရပြီး ပြည်တွင်းဝယ်လိုအားမှာ တန်ချိန် ၁၃ သန်းပတ်လည်ရှိကြောင်း သိရသည်။

ထို့ကြောင့်အစိုးရသည် တိရစ္ဆာန်အစာအတွက် ပြောင်းတင်သွင်းမှုမပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သမ္မတ Prabowo Subianto ကလည်းၤ၎င်း၏ဝန်ကြီးများအား ယခုနှစ်တွင် ဆန်၊ ဆားနှင့် သကြားတင်သွင်းမှုမပြုလုပ်တော့ရန် ညွှန်ကြားထားသည်ဟု သိရသည်။

**Source : Antara News**

**DOCA**ရန်ကုန်

https://www.doca.gov.mm/

## STOCK EXCHANGE (17.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**

As of 17th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,652 (Shares) | 11,434,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,000 | 8,100 | 8,000 | 573 | 4,585,000 | 33,109,694 | 268,189 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,150 | 3,200 | 3,150 | 930 | 2,931,850 | 38,929,150 | 122,627 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 2 | 17,000 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 529 | 1,005,100 | 29,664,613 | 56,363 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 0 | 0 | 12,823,224 | 41,034 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,503 | 2,519,950 | 19,977,223 | 33,961 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 2 | 8,200 | 10,497,598 | 43,040 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 113 | 367,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

**Market summary**

As of 17th Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.55 | -1.03 | -0.27% | 385.79 | 388.58 | 385.26 | 3,652 | 11,434,350 | 8 | 730,988 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 17th Jan, 2025

| Trading Volume | Trading Value |
|---|---|
| 5,152 (Shares) | 16,009,350 (MMK) |

## Main Board

As of 1:00 pm, 17th Jan, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,652 (Shares) | 11,434,350 (MMK) |

| MYANPIX | 387.55 ▼ 1.03 |
|---|---|
| Total Volume (shares) | 3,652 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 730,988 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR